ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (12-8-2010) (၆၄၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များ သတ်မှတ်ကြေညာ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာချက်အမှတ်(၈၅/၂၀၁၀)ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၈၆/၂၀၁၀)ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၈၇/၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၈၈/၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း ၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်၊ ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၁၁ ရက် ရက်စွဲဖြင့် သတ်မှတ်ကြေညာလိုက်သည်။

အဆိုပါ မဲဆန္ဒနယ်များစာရင်း အသေးစိတ်ကို နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုဖြင့် ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပြီး ကော်မရှင်အဖွဲ့ရုံးများတွင်လည်း သွားရောက်စုံစမ်းကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း

'မြို့ကြီး' ဆိုသော အမည်ကို ကြားဖူးစကပင် စိတ်ဝင်စားခဲ့မိသည်။ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုသတင်းများကို နေ့စဉ်ထုတ်သတင်းစာများ၌ မကြာမကြာ ဖတ်ရှုခဲ့ရသည်။ လုပ်ငန်းပမာဏ ကြီးမားသလောက် အကျိုးကျေးဇူးခံစားရမည့် စီမံကိန်းတစ်ခုဟု သိထားသည်။

ပြီးခဲ့သည့် ဇူလိုင်လဒုတိယပတ်အတွင်းက မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ဟံမြင့်မိုရ်-ရွာငံကားလမ်း မိုင်တိုင်အမှတ်(၁၄) အနီး မြို့ကြီးကျေးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ တည်ရှိသည်။

ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် လက်မ ၄၀၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၇၃၄၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀၊ ကန်ရေသေရေလှောင်ပမာဏ ၅၉၇၇၁ ဧကပေ၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက ၃၄၂၀ ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း-မောင်မောင်သန်း(သတင်းစဉ်)

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

လုပ်ငန်းဆောင်ရွက်

မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို တွေ့ရစဉ်။

မြကြေးမှုံ
The Mirror

၁၂-၈-၂၀၁၀
(ကြာသပတေးနေ့)

မွေးမြူရေးဇုန်များ တိုးချဲ့တည်ထောင်

နေရာဒေသမရွေး စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ရာ လယ်ယာစိုက်ပျိုးသော နိုင်ငံတိုင်းက သီးနှံပိုမိုစိုက်ပျိုးထွက်ရှိရေး အားထုတ်ကြိုးပမ်းနေကြပြီ။ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး ကြိုးပမ်းနေကြပြီ။ မွေးမြူရေးဇုန်များ၊ ခေတ်မီမွေးမြူရေးခြံကြီးများကို တည်ထောင်လုပ်ကိုင်နေကြပေပြီ။

နိုင်ငံတစ်ဝန်း၌ ကြက်၊ ဘဲ၊ ငုံး၊ ဝက်၊ သိုး၊ ဆိတ်၊ နွားမွေးမြူရေးဇုန်များ အပါအဝင် တိရစ္ဆာန်မွေးမြူရေးဇုန် ၅၀ ကျော်ရှိနေပြီဖြစ်သည်။ အသားကဏ္ဍထုတ်လုပ်မှု တိုးတက်လာရေးအတွက် တိရစ္ဆာန် မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးများ၊ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မွေးမြူရေးနည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိသည်။ တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်လာလျက်ရှိသည်။

အသားတင်ပို့နိုင်မှုတွင် ပြည်တွင်းလုံလောက်စွာစားသုံးနိုင်ရေးသာမက ပြည်ပဈေးကွက်သို့ပါ တိုးချဲ့တင်ပို့နိုင်နေပြီဖြစ်ပါသည်။ ယခုအခါ မွေးမြူရေးလုပ်ငန်းများကို မိသားစုတစ်ပိုင်တစ်နိုင်မှသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သမဝါယမနှင့် မွေးမြူရေးဇုန်ကြီးများအထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနေကြပေပြီ။

ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စုတွင် ရှမ်းရိုးမမွေးမြူရေးဇုန်ကို တည်ထောင်လုပ်ကိုင်လျက်ရှိသည်။ မွေးမြူရေးခြံကြီးများ ဆောက်လုပ်ထားပြီ။ ကြက်မွေးမြူရေးခြံ၊ နွားမွေးမြူရေးခြံအချို့တွင် လုပ်ငန်းများ စတင် လုပ်ကိုင်နေကြပြီ။ မွေးမြူရေးဇုန်အတွင်း စားကျက်မြက်စိုက်ခင်း၊ တိရစ္ဆာန်အစားအစာအပင်များ ပျိုးထောင်စိုက်ပျိုးနေကြပြီ။ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးအစာကုန်ကြမ်းများရရှိရေး၊ စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်နိုင်ရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေမည်။

ခေတ်မီမွေးမြူရေးနည်းပညာရပ်များကို စနစ်တကျအသုံးချ မွေးမြူရေး၊ အသားထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ မွေးမြူရေးခြံများအတွင်း ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေးနှင့် ဒေသတွင်းလုံလောက်စွာ စားသုံးနိုင်သည်အထိ ထုတ်လုပ်ပေးနိုင်သည့် မွေးမြူရေးဇုန်ကြီးများ ဖြစ်ပေါ်လာရေးတို့ကိုလည်း ဆက်လက်ကြိုးပမ်းကြရပေဦးမည်။

နိုင်ငံအတွင်း ရေမြေသဘာဝ ရာသီဥတုကောင်းမွန်ခြင်း၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် အခြေအနေပေးခြင်း၊မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်လာခြင်းစသည့် အခြေအနေပေးမှုများရှိနေပြီဖြစ်ရာ နိုင်ငံတော်၏ ကူညီပံ့ပိုးမှုများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက ဒေသအလိုက် မွေးမြူရေးဇုန်ကြီးများ ဖြစ်ပေါ်လာစေရေး ဆက်လက်ကြိုးပမ်း လုပ်ကိုင်သွားကြရမည်ဖြစ်ပါသည်။ ။

မြန်မာအားကစားအဖွဲ့ စင်ကာပူနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး ဦးဆောင်သည့် မြန်မာအားကစားအဖွဲ့ဝင်ရှစ်ဦးတို့သည် စင်ကာပူသမ္မတနိုင်ငံတွင် ဩဂုတ် ၁၄ရက်မှ ၁၆ရက်အထိ ကျင်းပမည့် ပထမအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ယမန်နေ့နံနက် ၁၀နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာအားကစားအဖွဲ့ဝင်များသည် မြားပစ်၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒိုနှင့် အလေးမပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းအားကစားအဖွဲ့ဝင်များအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူဆယ်မြို့ ကျန်းမာရေးအသိပညာပေး ဟောပြောနေမှု တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် မူဆယ်မြို့ မုံးပေါ်ကျေးရွာ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောနေမှုကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် မုံးပေါ်ကျေးရွာ မိုးစပါးစိုက်ခင်းများ၊ မုံးပေါ်-ကောင်းလုံ-ပန်ဖိတ်လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မုံးပေါ်တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီးဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မူဆယ်မြို့နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌နယ်စပ်ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပို့ကုန်၊သွင်းကုန်စစ်ဆေးရေးစခန်းအတွင်း ကုန်ပစ္စည်းများ စနစ်တကျ စစ်ဆေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာကေတအထူးကုဆေးရုံနှင့် တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့ကို ဝန်ကြီး ဒေါက်တာကျော်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၈ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် အထူးကုဆေးရုံသို့ သွားရောက်၍ ပြုပြင်တည်ဆောက်ပြီးစီးမှု၊ လူနာများဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်မှုလုပ်ငန်းများနှင့် ဆက်လက်လုပ်ဆောင်မည့် အဆောက်အအုံနေရာများကို ကြည့်ရှုစစ်ဆေးရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပင်မဆောင်၌ ဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့ သွားရောက်၍ အမျိုးသမီးများနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်ကုသဌာန၌ လူနာစောင့်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် အမျိုးသမီးလူနာကုသဆောင်၊ မီးယပ်နှင့်သားဖွားလူနာကုသဆောင်၊ ဓာတ်မှန်ဌာနရှိ ဓာတ်မှန် (X-ray)၊ တယ်လီဗီးရှင်းဓာတ်မှန်စက် (Ultrasound)၊ အမျိုးသမီးလူနာကုသဆောင်၊ ကလေးဆေးကုသဆောင်၊ မွေးကင်းစကလေးကုသဆောင်၊သားဖွားခန်း၊ မွေးပြီးလူနာကုသခန်း၊ ခွဲစိတ်ခန်း၊ ဆေးရုံကြီးရေဖြန့်ဝေရေးစနစ် တည်ဆောက်ထားရှိမှုအခြေအနေနှင့် သွေးလှူဘဏ်၌ သွေးသိုလှောင်ထားရှိအသုံးပြုမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးက ဤဆေးရုံအနေဖြင့် ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ သားဖွားသင်တန်းသူများ လက်တွေ့သင်ကြားမှုကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ပညာရပ်ဆိုင်ရာဆည်းပူးလေ့လာမှုအခွင့်အလမ်းကောင်းမွန်သည့် ဆေးရုံကြီးဖြစ်၍ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စီစဉ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ထားရှိသွားရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှော်ကားဥယျာဉ်၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

သစ်တောဦးစီးဌာနနှင့် ထူးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဩဂုတ် ၁၂ ရက်တွင် ကျရောက်သည့် International Youthday အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဩဂုတ် ၇ ရက်က မင်္ဂလာဒုံမြို့နယ် လှော်ကားဥယျာဉ်ပညာပေးခန်းမဆောင်၌ ကျင်းပရာ ဧည့်သည်များ၊ စိတ်ပါဝင်စားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဆရာ အော်ပီကျယ်က လူငယ်နှင့်ပတ်ဝန်းကျင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က လှော်ကားဥယျာဉ်နှင့် ကျေးငှက်များ၊ ဒေါ်မော်မော်ထွန်းက လူငယ်များနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဗဟုသုတ အတွေ့အကြုံများကို ဟောပြောခဲ့ကြောင်း သိရသည်။ (၅၃၂)

ဥတုရာသီ တောကိုမှီ၏

ပေးအပ်လှူဒါန်း

ဒိုက်ဦးမြို့ အမှတ်(၂)ရပ်ကွက် ဖအောင်ဝဲလမ်းနေ ကွယ်လွန်သူ ထိပ်တန်းမုန့်ဟင်းခါးဖို ပိုင်ရှင် ဒေါ်လွမ်းရီ(ခ) ဒေါ်အေးပုံ တစ်နှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးကျော်လှိုင် မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင်ဖောင်ဒေးရှင်း သင်တန်းခန်းမ ဆောက်လုပ်ရေးအတွက် ငွေကျပ် ၇၅၀၀၀၀ ကို ဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကသာခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး လှည့်လည်ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကန့်ဘလူမြို့နယ် ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ကသာမြို့နယ် ပြည်သာယာကျေးရွာ လယ်မြေ၌ ကျင်းပသည့် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအား ဆုငွေပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျေးရွာများ၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပဲမျိုးများနှင့် စပါးမျိုးနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကသာမြို့နယ် ကမ်းနားလမ်း ကွန်ကရစ်မြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ငါးမျိုးသားပေါက်များကို စိုက်ထည့်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မြစ်အတွင်းသို့ ငါးမျိုးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ငါးမျိုးသားပေါက် နမူနာများကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကသာမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့သည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကသာ-အင်းတော်-နန့်စီးအောင် လမ်းပိုင်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းတော်မြို့နယ် နဘားကျေးရွာအနီး၌ နဘားဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် အင်းတော်မြို့နယ် ဖက်ဆွတ်ကြိုးဝိုင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကသာ-အင်းတော်-ဝန်းသိုလမ်းပိုင်းအခြေအနေများ၊ လမ်းဘေးဝဲ/ယာ တစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ကျွန်းစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဝန်းသိုမြို့နယ်သို့ ရောက်ရှိကာ အာမခံကျေးရွာ၌ ကျင်းပသည့် ဝန်းသိုမြို့နယ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ယူကလစ်ပျိုးပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်းသိုမြို့နယ် နယ်မြေခံ တပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြား၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ ရက်တွင် ကန့်ဘလူမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကန့်ဘလူမြို့နယ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော်အား ဖူးမြော်ကြည်ညိုပြီး လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကာ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြစ်သူငယ် တိုးချဲ့မြို့ရေပေးဝေရေးလုပ်ငန်းသို့ လည်းကောင်း၊ ကန့်ဘလူမြို့ စိန်တလုံးသရက်ဧက ၁၀၀၀ စိုက်ပျိုးမည့်မြေနေရာသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ကန့်ဘလူ- ခင်ဦး- ရွှေဘို လမ်းပိုင်း အခြေအနေများ၊ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ကျွန်းစိုက်ခင်းများ၊ ကြံ၊ ပြောင်းနှင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သစ်တောဦးစီးဌာန၏ ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် ငှက်ပျောဒိုင်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ခင်ဦးမြို့နယ် လယ်လျှိုရွာသို့ရောက်ရှိကာ ပဲစင်းငုံနှင့် ပဲတီစိမ်း သီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွှေဘိုမြို့ အုန်းပေါက်ကျေးရွာသို့ရောက်ရှိကာ ငွေချည်(၆) ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသည့် ရတနာသိဃ်တံတား ချဉ်းကပ်လမ်းဖောက်လုပ်ရန် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းခွင်ရှင်းလင်းဆောင်မှုနေ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား ရှင်းလင်းဆောင်၌ အထူးအဖွဲ့ (၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ
- မဟာဂန္ဓာရုံမှာ ဆရာဒကာညီညွတ်စွာ
၇း၂၅။ ၄။ ဓမ္မပူဇာတေး
၇း၃၅ ၅။ မျိုးချစ်တပ်မတော်
၇း၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၅။ မွေးမြူသုတ
၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၃။ ကာတွန်းအစီအစဉ်
- စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၃၈)
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၄၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၃)**
၂၃။ ဂီတရင်ခုန်သံ
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် သွေးလှူရှင်များအသင်း ဆင္ဂမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် သွေးလှူရှင်များအသင်းမှ ကြီးမှူးကျင်းပသော ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏ ဆင္ဂမအကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် တက္ကသိုလ်များဆေးရုံ၌ကျင်းပရာ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်း၏ စီမံမှုဖြင့် မန္တလေးအမျိုးသား သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်း၊ လက်ထောက်ဆရာဝန်များဖြစ်ကြသော ဒေါက်တာထက်သူအောင်၊ ဒေါက်တာလဲ့လဲ့မြိုင်နှင့် သူနာပြုများ၊ ဓာတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများနှင့် ရုံးအဖွဲ့တို့မှ စနစ်တကျ စမ်းသပ်စစ်ဆေး၍ နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် သွေးများကို ဖောက်ယူလက်ခံကြရာ တက္ကသိုလ်များဆေးရုံ တာဝန်ခံဆရာဝန်ဒေါက်တာ တင်မောင်အေးနှင့် ဆေးရုံဝန်ထမ်းများက လိုအပ်သည်များကို ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ တာဝန်ခံပါမောက္ခချုပ်ဒေါက်တာ ဇော်လင်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ သွေးလှူရှင်များ အသင်းဥက္ကဋ္ဌ ဘာသာဗေဒဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာ စိုးစိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဘာသာဗေဒဌာန ကထိက ဒေါက်တာ တင်နွဲ့ရီနှင့် အတွင်းရေးမှူး တရုတ်ဘာသာဌာန လက်ထောက် ကထိက ဦးမောင်မောင်စိုးနှင့် သွေးလှူရှင်များအသင်း အမှုဆောင်များက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယနေ့ ကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲတွင် သန့်စင်သော အေသွေး ၃၁ အိတ်၊ ဘီသွေး ၂၅ အိတ်၊ အိုသွေး ၃၅ အိတ်နှင့် အေဘီသွေး ၁၂အိတ် စုစုပေါင်း သွေး ၁၀၃ အိတ်ကို လှူဒါန်းခဲ့ကြောင်းနှင့် သွေးလှူရှင်များ အင်အားပြန်လည် ပြည့်ဖြိုးစေရန် ဗဟိုအမျိုးသားသွေးလှူဘဏ်မှ အာဟာရဖြစ် စားသောက်ဖွယ်ရာများ၊ အားဆေးများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေးကွင်းဆင်း

ကျောက်ထု ဩဂုတ် ၁၁

ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ ဦးညဏ်ဦးသည် ကျန်းမာရေးဌာန ဒေါက်တာသူရအောင်နှင့်အတူ ဇူလိုင် ၃ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်နှင့် ဈေးများအတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

(ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ သီရိမြိုင်ယာဉ်မောင်း သင်တန်းကျောင်းမှ သင်တန်းမှူး ဒုတိယရဲမှူးစိုးလွင်နှင့်အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃၇)၌ တက်ရောက်လျက်ရှိကြသည့် သင်တန်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

အာဖဂန်အရပ်သားများ သေဆုံးမှု ၃၁ ရာခိုင်နှုန်း တိုးမြင့်လာဟု ကုလသမဂ္ဂအစီရင်ခံစာ၌ဖော်ပြ

ကဘူး ဩဂုတ် ၁၁

အာဖဂန်အရပ်သားများ သေဆုံးမှုနှုန်းသည် ယခုနှစ်ပထမနှစ်ဝက်တွင် ၃၁ ရာခိုင်နှုန်းမြင့်တက်လာသည်ဟု ဩဂုတ် ၁၀ရက်နေ့ ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။

တာလီဘန်နှင့် အခြားသောအစိုးရဆန့်ကျင်ရေးအဖွဲ့များ၏ နည်းဗျူဟာကြောင့် အာဖဂန်နစ္စတန် အရပ်သားများ သေဆုံးမှုနှုန်းသည် ၂၀၀၉ ခုနှစ်ပထမခြောက်လတာကာလနှင့် နှိုင်းယှဉ်လျှင် ၂၀၁၀ခုနှစ် အလားတူကာလတွင် ၃၁ ရာခိုင်နှုန်းမြင့်တက်လာသည်ဟု အစီရင်ခံစာ၌ ရေးသားထားသည်။

အဆိုပါအဖွဲ့များ၏ လက်ချက်ကြောင့် ၂၀၀၉ ခုနှစ်ထက် ယခုနှစ်တွင် သေဆုံးခဲ့သူများအနက် ကလေးများ သေဆုံးသူဦးရေသည် ၅၅ ရာခိုင်နှုန်းနှင့် အမျိုးသမီးများ သေဆုံးသူဦးရေ ၆ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ထပ်မံပြောကြားခဲ့သည်။ ပဋိပက္ခများကြောင့် ဓားစာခံအဖြစ် သေဆုံးရသော အာဖဂန်ကလေးများနှင့် အမျိုးသမီးဦးရေမှာ တိုးလာကြောင်း၊ အိမ်များနှင့် ရပ်ကွက်များအတွင်း၌ သေဆုံးသူများ၊ ဒဏ်ရာရရှိသူများ များပြားလာကြောင်း အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အထူးကိုယ်စားလှယ် စတက်ဖန်ဒေမစ်တူရာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

H1N1 တုပ်ကွေးရောဂါ ကင်းစင်ပြီဖြစ်ကြောင်း WHO ကြေညာ

ဂျီနီဗာ ဩဂုတ် ၁၁

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က H1N1 တုပ်ကွေးရောဂါသည် တစ်ကမ္ဘာလုံးအနှံ့အပြား ဖြစ်ပွားပြီး တစ်နှစ်အကြာတွင် ကင်းစင်သွားပြီဖြစ်ကြောင်း အင်္ဂါနေ့၌ ကြေညာချက်ထုတ်ပြန်သည်။

နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ အရေးပေါ်ကော်မတီက အတည်ပြုထောက်ခံပြီးနောက် (WHO) ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်က ကြေညာခဲ့ခြင်းဖြစ်သည်။

အင်္ဂါနေ့စောစောပိုင်းက အရေးပေါ်ကော်မတီအဖွဲ့ဝင် ၁၅ ဦး၏ ဆွေးနွေးပွဲမှအကဲဖြတ်မှုအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်ကြောင်း ချန်က ဆက်လက်ပြောကြားသည်။

သို့သော် ရောဂါဖြစ်ပွားခဲ့သောကာလ ပြီးဆုံးသွားပြီးနောက် H1N1 ဗိုင်းရပ်စ်ပိုးသည် ပျောက်ကွယ်သွားပြီဟု ဆိုလိုခြင်းမဟုတ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ရောဂါဖြစ်ပွားသော ကာလ၏ နောက်ပိုင်းအချိန်များတွင် H1N1 ဗိုင်းရပ်စ်ပိုးကို ချက်ချင်းကြိုတင်တွက်ဆ၍ မရရှိသေးသည့်အတွက် သတိဝီရိယနှင့် စောင့်ကြည့်ကြပါရန် ချန်က တိုက်တွန်းပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သားလေးဦး သေဆုံး

ဂါဇာနီ(အာဖဂန်နစ္စတန်) ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါဇာနီပြည်နယ်တွင် အရပ်ဘက်ကားတစ်စီး လမ်းဘေးဗုံးထိမှန်မှုကြောင့် ဩဂုတ် ၁၀ ရက်က အမျိုးသမီးသုံးဦး အပါအဝင် အရပ်သားလေးဦး သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် ပြည်နယ်ဆိုင်ရာ မြို့တော် ဂါဇာနီမြို့ပြင်ရှိ ရှာဘတ်ဈေး၌ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်၌ ဖြစ်ပွားခဲ့ပြီး အရပ်သားသုံးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

အလားတူပင် စစ်သွေးကြွများ ပစ်ခတ်သောဒုံးကျည်တစ်စင်းသည် ပြည်နယ်ဆိုင်ရာ မြို့တော်အပြင်ဘက်၌ ကျရောက်ခဲ့သော်လည်း သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု ဖြစ်ပွားခြင်းမရှိဟု ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ကင်ဒါဟာပြည်နယ်သည် တာလီဘန်ဇာတိမြေဖြစ်သကဲ့သို့ ဂါဇာနီပြည်နယ်သည်လည်း လွန်ခဲ့သောတစ်နှစ်ကျော်မှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ တိုးလာသည်ကို တွေ့မြင်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဆွေမျိုးတစ်ဦး သေဆုံးသွားသည့်အတွက် ဝမ်းနည်းစွာ ငိုကြွေးနေသူတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆာဒီယတ်မြို့၌ ထောင်ချောက်ဗုံးတစ်လုံးထောင်ထားသော အိမ်တစ်လုံး ဗုံးပေါက်ကွဲပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဒီယာလာ၌ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၀ဦးထိ တိုးလာ

ဘာကျူဘာ (အီရတ်) ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်အရှေ့ပိုင်းတွင် ဩဂုတ် ၁၁ ရက် စောစောပိုင်းတွင် အိမ်တစ်လုံး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ စုစုပေါင်း ၁၀ဦးထိ တိုးလာပြီး တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

နောက်ဆုံးဖော်ပြချက်အရ ဆာဒီယတ်မြို့ရှိ အိမ်တစ်လုံးတွင် ဗုံးပေါက်ကွဲရာ တပ်ဖွဲ့ဝင်ရှစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

စောစောပိုင်းက တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ဒဏ်ရာရရှိသူ လေးဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်ဟုဆိုသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာခန့်အကွာရှိ ဒီယာလာပြည်နယ် မြို့တော် ဘာကျူဘာ မြောက်ဘက် ဆာဒီယတ်မြို့ရှိ ထောင်ချောက်ဗုံးထောင်ထားသောအိမ်တစ်လုံးအား အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်စဉ် ယင်းဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

နံနက်ပိုင်းတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် မြို့ပြကာကွယ်ရေးအဖွဲ့တို့က ပြိုကျခဲ့သောအိမ်၏ အပျက်အစီးများကို ရှင်းလင်းဖယ်ရှားခဲ့ပြီး ပေါက်ကွဲမှုမဖြစ်မီ အိမ်အတွင်းပစ်သတ်ခံရသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် နေတိုးရဟတ်ယာဉ် ပျက်ကျ

ကဘူး ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ၏ ရဟတ်ယာဉ်တစ်စင်း အင်္ဂါနေ့၌ပျက်ကျရာ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။ အဆိုပါရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းမှာ နည်းပညာချွတ်ယွင်းမှုကြောင့်ဟုစစ်ဘက်က ပြောကြားသည်။

တာလီဘန်တို့ကမူ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့ကြောင်း၊ နေတိုးတပ်ဖွဲ့ဝင်များ သေဆုံးကြောင်း ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီနိုင်ငံအလယ်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွား ရဲအရာရှိတစ်ဦး သေဆုံး

အင်ကာရာ ဩဂုတ် ၁၁

တူရကီနိုင်ငံအလယ်ပိုင်းတွင် အင်္ဂါနေ့က လက်နက်ကိုင်တိုက်ခိုက်မှုဖြစ်ပွားရာ ရဲအရာရှိတစ်ဦးသေဆုံးကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

တူရကီနိုင်ငံအလယ်ပိုင်း ကွန်ရာပြည်နယ်တွင် အသက် ၃၆နှစ်ရှိ ရဲအရာရှိ အိုမာဒါးမက်ဇ်သည် ယာဉ်လမ်းကြောင်းထိန်းသိမ်းရေးတာဝန် ထမ်းဆောင်နေစဉ် အမည်မသိသေနတ်သမားက ပစ်ခတ်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

မျက်မြင်တွေ့ရှိသူများက မော်တော်ဆိုင်ကယ်အနီရောင် စီးလာသူတစ်ဦးက ပစ်ခတ်ပြီး ထွက်ပြေးသွားသည်ဟု ပြောကြားသည်။ ထိုနေရာသို့ တူရကီ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီးနောက် ဝိုင်းဝန်းပိတ်ဆို့ကာ သေနတ်သမားကို ရှာဖွေလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၈၂၈ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၁၃၈၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၂၈၂၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၁၃၈၆ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဩဂုတ် ၁၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၇၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၆၇၆ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၀၇၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၆၇၆ ဦး

အင်တာနက်။

ရန်ကုန်တိုင်း စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က စက်ရုံ၊ အလုပ်ရုံများအနေဖြင့် လုပ်ငန်းခွင် အဆင်ပြေချောမွေ့ရေး၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့၏ လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

နေပြည်တော်အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဝန်ကြီး ဦးသိန်းအောင် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် နေပြည်တော် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လုပ်ကွက်ကြီးခုနစ်ခုရှိသော ပျဉ်းမနားထင်းကြိုးဝိုင်းအတွင်း ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ဧက ၁၀၀ ၌ ယာဉ်ယန္တရားများဖြင့် ကျင်းတူး စိုက်ပျိုးနေမှု၊ လုပ်ကွက်(၁)၌ အပင်များစိုက်ပျိုးပြီးစီးမှုနှင့် ဓမ္မတာမျိုးဆက်ခြင်း ဧက ၄၀၀ ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းတွင် သစ်မျိုးစုံစိုက်ပျိုးရေးနှင့် မိုးရာသီအမီ လုပ်ငန်းလျာထားချက်ပြည့်မီရေး မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ဥတ္တရသီရိမြို့နယ် လုပ်ကွက်ကြီး ၁၁ ခုအတွင်း ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ဧက ၁၀၀၊ ရေဝေရေလဲ စိုက်ခင်းထူထောင်ခြင်း ဧက ၂၅၀ နှင့် ဓမ္မတာမျိုးဆက်ခြင်း ဧက ၃၀၀ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နေပြည်တော်အတွင်း အလေးထားဆောင်ရွက်လျက်ရှိသော အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လုပ်ကွက်ကြီးခုနစ်ခုရှိသော ပျဉ်းမနား ထင်းကြိုးဝိုင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၈-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၇။ “လာအတူသွားကြစို့”
- ၈း၂၅ ၈။ အကပဒေသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ “အိုးပိုင်အိမ်ပိုင်”
- ၅း၁၀ ၈။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၅း၂၅ ၉။ တေးဂီတအစီအစဉ်
- ၅း၄၀ ၁၀။ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ “ချစ်သူကော်ဖီ’ (အပိုင်း-၁၈) (ငြိမ်းချမ်း၊ သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဆုးလွှမ်းသောချစ်နှင်းဆီ” (ဒုတိယပိုင်း) (အပိုင်း-၂၄)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ အထိမခံရွှေနိုင်ငံ [တေးရေး၊တေးဆို-ပေါက်စ(Drum)]
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ပထမတွဲ)(အပိုင်း-၁၁)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တေးသံသာ” (အပိုင်း-၆၈)**
- ၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတကာ သဘာဝဘေးအန္တရာယ်သတင်း

ဟိမဝန္တာ တောင်တန်း ဒေသ ရေဘေး ဒုက္ခသည် များ အတွက် ကမ္ဘာလှည့် ခရီးသည် များ က ဆေး ဝါးများ လှူ ဒါန်း နေ သည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟိမဝန္တာတောင်တန်းဒေသ၌ ရေလွှမ်းမိုး ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် ၁၇၇ ဦး သေဆုံး

နယူးဒေလီ ဩဂုတ် ၁၁

ဟိမဝန္တာတောင်တန်း လက်ဒခါဒေသ၌ ရေလွှမ်းမိုးမှုများ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ရာ ၁၇၇ ဦး သေဆုံးရကြောင်း၊ သေဆုံးသူများတွင် ပြင်သစ်နိုင်ငံသား သုံးဦး အပါအဝင် ဥရောပတိုက်သား ကမ္ဘာလှည့်ခရီးသည် ငါးဦး ပါဝင်ကြောင်း အိန္ဒိယ တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မိုးသည်းထန်

ဟိမဝန္တာ တောင်တန်းဒေသတွင် ဩဂုတ် ၆ ရက်က ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ ဒလဟောစီးဆင်းခဲ့ရာ ရေလွှမ်းမိုးမှု ဆိုးဆိုးရွားရွား ဖြစ်ပွားခဲ့သည်။ ယခုအချိန်အထိ လူရာပေါင်းများစွာ ပျောက်ဆုံးနေကြောင်း အိန္ဒိယသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးတာဝန်ရှိသူ အေမီယာအလီက ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် တံတားများ၊ နေအိမ်များနှင့် လျှပ်စစ်ဖြန့်ဖြူးရေးစနစ်များ ပျက်စီးခဲ့ရသည်။

သေဆုံးမှုများတွင် ဥရောပတိုက်သား ကမ္ဘာလှည့်ခရီးသည် ငါးဦးပါဝင်သည်ဟု အတည်ပြုသည်။ နီပေါ အလုပ်ကြမ်းသမား ၁၆ ဦးနှင့် တိဘက်ဒုက္ခသည်နှစ်ဦးတို့မှာလည်း သေဆုံးသူများတွင် ပါဝင်သည်။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၊ တောင်စွယ်တောင်တန်းများ၊ မြစ်များနှင့်အတူ သာယာရှုမောဖွယ်ရာကောင်းသော လက်ဒခါဒေသသည် တည်ငြိမ်အေးချမ်းပြီး ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည်။ သို့ရာတွင် ယင်းဒေသအနီးအပါးရှိ အိန္ဒိယပိုင် ကက်ရှ်မီးယားဒေသမှာမူ စစ်သွေးကြွတို့ လှုပ်ရှားရာဒေသအဖြစ် ရပ်တည်နေသည်။

ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူများတွင် အိန္ဒိယစစ်သား ၂၆ ဦးလည်း ပါဝင်သည်။ ၎င်းတို့သည် နယ်စပ်ဒေသအနီးရှိ ကင်းစခန်း၌ စခန်းချနေခဲ့သူများ ဖြစ်သည်။ ***အင်တာနက်။***

၂၀၁၀ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ **'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားရေး'**ဟူသော လူမှုရေးဦးတည်ချက်ဖြင့် ကျန်းမာရေးမူဝါဒများချမှတ်၍ ရည်မှန်းချက်ကြီး(၂)ရပ်၊ လုပ်ဆောင်ရန် နည်းနာ (၃)ရပ်တို့နှင့် ကျောင်းသားလူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးအတွက် အမျိုးသား ကျန်းမာရေးစီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးစီမံကိန်း၊ လူထုကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် **'ကျောင်းနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်း'** စီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသား၊ ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးကော်မတီများဖြစ်သည့် ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းကာ ကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင် ကလေး ကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့အား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ၊ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် နှစ်စဉ် ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၁၀ ခုနှစ် ဩဂုတ် ၉ရက်မှ ၁၄ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ကျန်းမာနိုင်ငံ့ရတနာ

စင်စစ်နိုင်ငံတော်အတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာ ကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်း တစ်ခုဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန်တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးမှာ ကျောင်းကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီတဲ့ရည်မှန်းချက်၊ လုပ်နည်းလုပ်ဟန်တို့နှင့် ပါဝင်ဆောင်ရွက်ကြဖို့ (Global School Health Initiative) ဆိုပြီး ၁၉၉၅ ခုနှစ် ကတည်းက စတင်လှုံ့ဆော် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံ၏အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးအုပ်စုဖြစ်သည့် ယနေ့ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည်ဖြစ်ပါသည်။ အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက ဆိုသလို အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းကပင် ဖြစ်ပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မား တိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေး ဝန်ကြီးဌာနသည် ပညာရေးနှင့် နှီးနွှယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်း ရည်ရွယ်ချက်များ ပေါက်မြောက် အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေး ပညာနှင့်အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ (Healthy living life Style) ပိုင်ရှင်များဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါ ပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

ဒေါက်တာအောင်ထွဏ်း(ကျန်းမာရေးဦးစီးဌာန)

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှ တစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက် လာစေရန်။

တစ်နိုင်ငံလုံး ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှု လွှမ်းခြုံနိုင်ရေး

တစ်ဖန် နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့်ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀နှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာဒေသအလိုက်(မြို့မ/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းကို တစ်နိုင်ဆောင်ရွက်စေခြင်းဖြင့်လည်းကောင်း အကောင်အထည်ဖော်လျက် ရှိပါသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ၁၉၉၆ခုနှစ်မှ စတင်၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းစီမံချက်ကိုချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ ကျောင်းနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသောလုပ်ငန်းပင်ဖြစ်သည်။ စင်စစ် ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေး လုပ်ငန်းများအား လက်ရှိအခြေအနေနှင့် ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်သာ ဖြစ်ပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးစီမံချက်အရ သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားသူငယ်များ ငယ်ရွယ်စဉ်မှ စတင်၍ မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင် ရေးနှင့် ဘဝတစ်သက်တာလုံးအတွက် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင် နှစ်စဉ် ကျောင်းအုပ်များအား ကျောင်းကျန်းမာရေးသင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက်လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် လျက်ရှိပါသည်။

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ကျန်းမာရေး ဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ဒေသအလိုက် ကျောင်းများသို့ ကွင်းဆင်း၍ အောက်ပါကျောင်းကျန်းမာရေးလုပ်ငန်းကြီး(၉)ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း

(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း

(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ် ကင်းဝေးရေးလုပ်ငန်း

(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

(၆) ကျောင်းမှ ပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များရောက်ရှိရေး လုပ်ငန်း

(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း

(၈) သင်တန်းနှင့်သုတေသနလုပ်ငန်း

(၉) ကျောင်းအားကစားနှင့်ကာယလုပ်ငန်း

၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းတွင် ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေးစံပြကျောင်းများ ဖြစ်ထွန်းရေး လုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နှီးနွှယ်ဌာန၊ အဖွဲ့အစည်း အားလုံး လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယတိုင်းကျန်းမာရေးဦးစီး ဌာနမှူးနှင့် မိခင်ကလေး ကျောင်းကျန်းမာရေးဆရာဝန်ကြီးတို့က မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးများနှင့်အခြေခံကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထိရောက် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုအား မြို့နယ်၊ တိုင်းနှင့် ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့်အတူ ပူးတွဲဆန်းစစ် ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအဆင့်တွင် ဆရာ၊ ဆရာမများသည် ကျန်းမာရေးအဆင့်မြှင့် ကျောင်း ထူထောင်ရေးသင်တန်းမှ ရရှိလာသော အသိပညာများဖြင့် အတန်းတိုင်းတွင် ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးအလေ့အကျင့်များကို ဦးစားပေး ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

ယခုအခါ ၁၉၉၆ ခုနှစ်က စတင်ခဲ့သည့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးစီမံချက်အား မြို့နယ်အားလုံးတို့တွင် လွှမ်းခြုံအကောင်အထည် ဖော်လျက်ရှိပါသည်။

ကျောင်းအခြေပြု မြန်မာနိုင်ငံသန်ကောင်ရောဂါကာကွယ်ရေးစီမံချက်

ကျောင်းအခြေပြု မြန်မာနိုင်ငံသန်ကောင်ရောဂါကာကွယ်ရေး စီမံချက်ကို ၂၀၀၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်၏ ရည်ရွယ်ချက်မှာ သန်ချဆေးတိုက်ကျွေးခြင်းဖြင့် မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရန်၊ ကျောင်းတက်မှန်၍ ဉာဏ်ရည် မြင့်မားလာစေရန်နှင့် သန်ကောင်ရောဂါကာကွယ်ရေး အသိအမြင်များရရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုအလေ့အထများ ပိုမိုဖြစ်ထွန်းလာ စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်း၏ ရည်စူးအုပ်စုမှာ အခြေခံပညာကျောင်းများရှိ မူလတန်းကျောင်းသား၊ ကျောင်းသူအားလုံးဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ဩဂုတ်လနှင့် ဇန်နဝါရီလများတွင် သန်ချဆေး Albendazole(400)mg တိုက်ကျွေးလျက်ရှိပါသည်။သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများက တာဝန်ယူတိုက်ကျွေးပြီး ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက ကူညီပံ့ပိုးသူများအဖြစ် ဆောင်ရွက်ပေးပါသည်။

ကျောင်းပြင်ပ ဆယ်ကျော်သက်လူငယ်များအတွက် ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

ကျောင်းသားလူငယ်များသာမက ကျောင်းပြင်ပ ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာရေးပြဿနာများ လျှော့ချပေးနိုင်ရန်အတွက် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ကျောင်းကျန်းမာရေးဌာနများကို အခြေပြုဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၀၁-၂၀၀၆မှစတင်၍ ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်းစီမံချက်အဖြစ် သီးခြားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာလုပ်ကိုင်နိုင်စေရန်အတွက် ဆယ်ကျော်သက်လူငယ် ကျန်းမာခြင်းနှင့်ဖွံ့ဖြိုးခြင်းဆိုင်ရာ ငါးနှစ်စီမံကိန်း(၂၀၀၉-၂၀၁၃)ကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ ပါဝင်ကူညီမှုဖြင့် ရေးဆွဲနိုင်ခဲ့ပြီး ဆယ်ကျော်သက်လူငယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၀ ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအစီအစဉ်များ

ကျောင်းကျန်းမာရေးသီတင်းပတ်ဖြစ်သော ၂၀၁၀ ခုနှစ် ဩဂုတ် ၉ရက် မှ ၁၄ ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်/တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေး အဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက် အောက်ပါ ကျောင်း ကျန်းမာရေးလုပ်ငန်းစဉ် (၅)ရပ်ကို အထူးဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊

(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊

(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊

(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊

(င) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း။

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက် ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများအား သီးခြားအချိန်ယူ၍ အသေးစိတ် ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေး အစီအစဉ်များကို ဆောင်ရွက်ကြပါမည်။

၂၀၁၀ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်၏ ထူးခြားချက်မှာ ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အခြေခံပညာကျောင်းအလိုက် အောက်ပါ သန်ကောင်ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများကို ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်-

(က) သန်ချဆေးတိုက်ကျွေးခြင်း၊ သန်ကောင်ရောဂါ ကာကွယ်ရေး ပညာပေးခြင်း၊ ကျန်းမာရေးဗဟုသုတများ ဖြန့်ဝေခြင်း (သန်ချဆေးတိုက်ကျွေးခြင်းကို ဩဂုတ်လတွင် တစ်ကြိမ်၊ ဇန်နဝါရီလ တွင်တစ်ကြိမ် တိုက်ကျွေးခြင်း)

(ခ) စာစီစာကုံးရေးသားခြင်းနှင့် အာဟာရဗဟုသုတများ ယှဉ်ပြိုင် ဖြေဆိုစေခြင်း၊

(ဂ) အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းနှင့် အိုင်အိုဒင်းချို့တဲ့ ရောဂါဆိုင်ရာ အသိပညာများဖြန့်ဝေပေးပြီး အိုင်အိုဒင်းဆား သုံးစွဲမှုကို မြှင့်တင်ခြင်း။

ကျန်းမာ၊ ပညာ၊ လူမှုရေးအဖွဲ့များနှင့် မိဘပြည်သူများပူးပေါင်း၊ ကျောင်းသား၊ ကျောင်းသူများ၏အနာဂတ်ကောင်း

နိဂုံးချုပ်အားဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများမှ တစ်ဆင့် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းယူကြမည့် ရင်သွေးရတနာ ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပညာရေးနှင့်နှီးနွှယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများ အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

တောင်ကြီးခရိုင် ကျန်းမာရေးမြှင့်တင်စောင့်ရှောက်မှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် အင်တောတပ်နယ်ခန်းမဆောင်၌ တပ်နယ်မိသားစုများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားပြီး စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတစုံစာစောင်များ ပေးအပ်သည်။

ယင်းနောက် အင်တောမြို့ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦး၏ မြို့နယ်အခြေအနေ တင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားပစ္စည်းများ၊ စားသောက်ကုန်နှင့် သုတစုံစာစောင်များ ပေးအပ်သည်။

ဆက်လက်၍ အင်တောမြို့(၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် ဗထူးတပ်နယ်မှူးတို့သည် လူနာများအား ရင်းရင်းနှီးနှီးအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဗထူးတပ်နယ် မိသားစုများ စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်းနှင့် ထန်းပင်စိုက်ပျိုးဖြစ်ထွန်းမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရပ်စောက်မြို့ နဂါးပတ်ချောင်း (ရေကြည်ချောင်း) ကမ်းပါးဝဲ၊ ယာကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် (၁၆)ခုတင်ဆံ့ ပင်ဖြစ်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြား၍ ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အင်တောမြို့ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၀-၂၀၁၁ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်ကာလအတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရာ ရှေးဦးစွာ သွားနှင့်ခံတွင်း ကျန်းမာရေး စစ်ဆေးကုသခြင်း၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ အဝလွန်ကလေးများအား ပညာပေးဆွေးနွေးခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများကို လှည့်လည်ကြည့်ရှုပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော အာဟာရအုပ်စုပြကွက်၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးပြကွက်၊ လုံသုံးလုံပြကွက်နှင့် ခြင်ထောင်ဆေးစိမ်ပြကွက်တို့ကို လှည့်လည်ကြည့်ရှုကြရာ ကျောင်းကျန်းမာရေးဌာနမှ တာဝန်ခံများက ကျောင်းကျန်းမာရေး လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းသည် နေပြည်တော် လယ်ဝေး အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းစဉ်(၅)ရပ် လှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် အသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပညာရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ဩဂုတ် ၉ ရက်မှ ၁၄ ရက်အထိ သတ်မှတ်ပေးထားပြီးဖြစ်ရာ ကျောင်းကျန်းမာရေး သီတင်းပတ်ကာလအတွင်း အခြေခံပညာကျောင်းအားလုံး၌ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးနှင့် စစ်ဆေးကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစသည့် ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းစဉ်(၅)ရပ်အပြင် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်လှုပ်ရှားမှုများနှင့် ပူးပေါင်း၍ သန်ချဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဗဟုသုတများ၊ သန်ကောင်ရောဂါကာကွယ်ရေး ဗဟုသုတများဖြန့်ဝေခြင်း၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ စာစီစာကုံး ရေးဖြေနှင့် နှုတ်မေး၊ နှုတ်ဖြေယှဉ်ပြိုင်ခြင်းများကိုပါ လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မေတ္တာကံဆောင်-လဝါခေါင်

❁ ချောင်းရေကလျှံ ကန်ရေကတိုး
မိုးသမယ ဝါခေါင်လကား
သီဟရာသီ စန်းယှဉ်မှီတွယ်
ကြယ်သရဝဏ် ပွင့်မွန်ခတ္တာ
ရန့်ဖြာ၍ ခိုင်ညှာပွင့်ဖူး
ပဒ္မာနိမြူးသည့်အခါတည်း။

❁ ဗုဒ္ဓမြတ်စွာ ဘဂဝါ၏
စဉ်လာခွင့်ပြု ဆွမ်းအမှုကံ
စာရေးတံပွဲ ဆင်နွှဲကြကာ
ရှေးမြန်မာတို့ သလာကဘတ်
ဆက်ကပ်နှစ်စဉ် ဆွမ်းဘောဇဉ်ဖြင့်
ဘုရင်သူကြွယ် ကုန်သည်ပွဲစား
ပြည်သားပြည်သူ ကုသိုလ်ယူကာ
ထေရ်သံဃာအား သဒ္ဓါကြည်ဖြူ
ပင့်ဖိတ်လှူကြ ပြုဒါနသည်
မြန်မာ့ဓလေ့စဉ်လာတည်း။

❁ ရဟန်းငါးရာ ဘာဝနာစီးဖြန်း
ကမ္မဋ္ဌာန်းမှု ပြုကြသောခါ
တောဝနာတွင်း မှီတင်းမှီခို
နဂိုရှိရင်း နတ်ခပင်းများ
သီးခြားရုပ်မျိုး အနံ့ဆိုးဖြင့်
တွန်းထိုးခြောက်လှန့် ဟန့်တားပိတ်ပင်
ဆန့်ကျင်သောခါ ဘဂဝါဗုဒ္ဓ
မြွက်ဆိုဟသည့် မေတ္တသုတ်ကို
ရွတ်ဆိုခါမှ ကြည်သာမြတ်လေး
ဘေးမခအောင် ကောင်းကျိုးဆောင်သည်
ကိုယ်စီသောတာပန်၏တည်း။

❁ တစ်ဦးတည်းသာ ရင်မှာဖြစ်ရ
သားပုတ္တကို နှစ်လိုကြင်နာ
မာတာမိခင် သက်နှင့်ယှဉ်တွဲ
စောင့်ရှောက်မြဲသို့ ပို့သခါခါ
တိုင်းတာမရှိ ဖြစ်သည့်စိတ်မှာ
များသတ္တဝါကို ထိုထိုမေတ္တာ
ပွားသည့်ခါတွင် ကောင်းစွာအိပ်နိုး
ဘေးမျိုးကင်းပ ချမ်းသာရသည်
ဗုဒ္ဓမြတ်စွာအလိုတည်း။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း
တံတားများ ဆောက်လုပ်ခြင်းဆိုင်ရာနည်းပညာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Road & Bridge Engineering Techincal Divisionမှ ကြီးမှူးကျင်းပသော Construction Methods and Procedure in Bridge Constructio အကြောင်း ဟောပြောပွဲကို ဩဂုတ် ၁၄ ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစား အင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်က တံတားဆောက်လုပ်ပုံ နည်းစနစ်နှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်အကြောင်းကို ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉ ၆၇၃-၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

☆ **ကျောဖုံးမှ**

ကူဖူးဘုရင်က တည်ဆောက်ခဲ့ခြင်းကြောင့် ယင်းပိရမစ်ကို ကူဖူးပိရမစ် (Pyramid of Khufu) ဟုလည်း ခေါ်တွင်သည်။

သက်တမ်း နှစ်ပေါင်း ၄၅၀၀ ကျော်ရှိ ယင်းပိရမစ်သင်္ချိုင်းဂူ၏ လျှို့ဝှက်ချက်များကို သိရှိနိုင်ရန် ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ကြသော်လည်း အထမမြောက်ခဲ့ကြောင်း၊ ယခုအခါတွင်မူ စက်ရုပ်နည်းပညာများ အသုံးပြု၍ သုတေသီများ လေ့လာကြတော့မည်ဖြစ်ကြောင်း အီဂျစ်ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကောင်စီချုပ်က ပြောကြားသည်။

ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်မှ စက်ရုပ်နည်းပညာအဖွဲ့ တစ်ဖွဲ့သည် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးကောင်စီချုပ်မှ တာဝန်ရှိသူများနှင့်အတူ မဟာပိရမစ်အဆောက်အအုံကို လေ့လာမည်ဖြစ်သည်။

ရှေးဟောင်းကမ္ဘာ၏ မဟာအံ့ဖွယ်ခုနစ်ပါးတွင် ပါဝင်သော မဟာပိရမစ်အဆောက်အအုံသည် နှစ်ပေါင်း ၃၀၀၀ ကျော်မျှ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံအဖြစ် ရပ်တည်ခဲ့သည်။

အီဂျစ်ဖာရိုးဘုရင် ကူဖူး၏ လက်ထက်၌ မဟာပိရမစ်ကို တည်ဆောက်ခဲ့ရာတွင် ကျေးကျွန်များကို မသုံးဘဲ အလုပ်သမားများအား လုပ်အားခပေးကာ ဆောက်လုပ်စေခဲ့သည်ဟု သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

ဂီဇာအရပ်၌ ဆောက်လုပ်ခဲ့သော မဟာပိရမစ်ကို ဆောက်လုပ်ရာတွင် ထုံးကျောက်နှင့် လိပ်သည်းကျောက်တို့ကို အသုံးပြုခဲ့သည်ဆို၏။

ဖာရိုးဘုရင်၏ ရုပ်အလောင်းကို သင်္ချိုင်းဂူအဆောက်အအုံ၏ အလယ်ဗဟိုတွင် ထားရှိသည်ဟု ယူဆရသော်လည်း ယင်းရုပ်အလောင်းမှာ ပျောက်ဆုံးလျက်ရှိသည်ဟု ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

လိဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် မဟာပိရမစ်သင်္ချိုင်းဂူ လေ့လာရေး စီမံကိန်းအရ စက်ရုပ်တစ်ရုပ်ကို တီထွင် ထုတ်လုပ်ထားပြီဖြစ်သည်။

အင်တာနက်။

၂၀၁၀ - ၂၀၁၁ ခုနှစ် မွန်ပြည်နယ် ပြည်နယ်လုံးကျွတ် ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲအခမ်းအနား ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် အမှာစကားပြောကြားပြီး မိုးစပါးစိုက်ခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ပေး

နေပြည်တော် ဩဂုတ် ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ ရက်တွင် မုဒုံမြို့နယ် ကွမ်တာကျေးရွာ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၁၀-၂၀၁၁ ခုနှစ် ပြည်နယ်လုံးကျွတ် ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးက စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူတို့က ခရိုင်အလိုက် ရေတော်မိုးတော်ထွန်တုံးပိတ်ကိန်းဂဏန်း အထောက်အထားများကို တိုင်းမှူးထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် တိုင်းမှူးတို့က ၂၀၀၉-၂၀၁၀ ခုနှစ် မွန်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာဆုများကို ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ထွန်တုံးပိတ်ပွဲအခမ်းအနားတွင် ပြသထားသည့် စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စမ်းသပ်စိုက်ကွက်များ၊ မိုးစပါးထွန်တုံးပိတ်စိုက်ပျိုးနေမှုများနှင့် စုပေါင်းမြေဩဇာ ကြဲပက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် မိုးစပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငါးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွမ်တာကျေးရွာနှင့် ကော့ခပုံကျေးရွာတို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ ကျေးရွာချင်းဆက် ကတ္တရာလမ်း ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မုဒုံမြို့နယ် ကွမ်တာကျေးရွာ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၁၀-၂၀၁၁ ခုနှစ် ပြည်နယ်လုံးကျွတ် ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားတွင် ပြသထားသည့် စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ စတင်ကျင်းပသည်။

နေပြည်တော်အားကစားပြိုင်ကွင်း

အုပ်စု(ကက)

သစ်တောရေးရာဝန်ကြီးဌာန - တစ်ဂိုး

(သီဟစိုး)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန - တစ်ဂိုး

(စိုးဝင်းသန့်)

(ဒိုင်) ဦးသောင်းလှိုင်

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း

အုပ်စု(ကက)

အမှတ်(၁) စက်မှုဝန်ကြီးဌာန - နှစ်ဂိုး

(ဇေယျာဖြိုးနှင့် သကြ်န်မိုး)

ပြည်ထဲရေးဝန်ကြီးဌာန - တစ်ဂိုး

(လင်းထွဋ်ကို)

(ဒိုင်) ဦးသိန်းဇော

(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၁၂ ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

❖ မြန်မာဘောလုံးမှ

2010 MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သုဝဏ္ဏကွင်းနှင့် ဗထူးကွင်းတို့တွင် ကျင်းပခဲ့ပြီး ယခုဒုတိယအကျော့အတွက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်တွင် တောင်ကြီးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်း၏ ဒေသခံမိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

MNL ဒုတိယအကျော့ပွဲစဉ် (၅၅)ပွဲအနက် (၁၃)ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တောင်ကြီးကွင်းမှာ MNL ပြိုင်ပွဲများကို ကမ္ဘောဇကလပ်အသင်းပိုင်ကွင်း၌ ပထမဦးဆုံး လက်ခံကျင်းပနိုင်သည့် ကွင်းဖြစ်လာခဲ့သည်။ သုဝဏ္ဏကွင်းနှင့် ဗထူးကွင်းတို့မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်အောက်တွင် ရှိနေပြီး တောင်ကြီးကွင်းမှာ ကမ္ဘောဇအသင်းကို လွှဲပြောင်းပေးပြီးဖြစ်သဖြင့် ပထမဆုံး ကလပ်ပိုင်ကွင်း၌ ကျင်းပနိုင်သည့် MNL ပြိုင်ပွဲအဖြစ် တောင်ကြီးကွင်းက သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ MNL ပြိုင်ပွဲကို တောင်ကြီးကွင်းတွင် ကျင်းပနိုင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကဖြစ်သူ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘောလုံးအသင်းပိုင်ရှင်)မှာ ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ကွင်းအား အဆင့်မြှင့်တင်ပြုပြင်မှုများပြုလုပ်ခဲ့ပြီး နိုင်ငံခြားနည်းပညာရယူပြီး ပြည်တွင်းအတတ်ပညာရှင်များဖြင့် မြက်ခင်းပြင်များအား စိုက်ပျိုးထားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရေပန်းစနစ်ဖြင့် ပြုလုပ်ထားပြီး သုဝဏ္ဏကွင်းနှင့် ဗထူးကွင်းတို့နည်းတူ ကောင်းမွန်သောကွင်းဖြစ်ကြောင်း သိရသည်။

ပထမအကျော့အပြီးတွင် အသင်းများ၏ ရမှတ်များမှာ ကွာဟမှုမရှိသေးဘဲ ချန်ပီယံဆုအတွက် အသင်းခြောက်သင်း အပြိုင်ဖြစ်နေသေးကြောင်း သိရသည်။ ယခုအပြောင်းအရွှေ့ကာလတွင် အသင်းအများစုမှာ ကစားသမားသစ်များအားဖြည့်ထားကြရာ ဒုတိယအကျော့မှာ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာတော့မည်ဖြစ်သည်။ ချန်ပီယံဆု အတွက် ဘယ်အသင်းခြေစွမ်းပြနိုင်မလဲ ဆိုတာ ဩဂုတ် ၁၄ ရက်မှ စတင်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။

ဒုတိယအကျော့အဖွင့်ပွဲစဉ်

၁၄-၈-၂၀၁၀

ကမ္ဘောဇ-မနောမြေ (တောင်ကြီး)

၁၄-၈-၂၀၁၀

ရန်ကုန်ယူနိုက်တက်-နေပြည်တော် (ဗထူး)

၁၄-၈-၂၀၁၀

Delta United-ဇေယျာရွှေမြေ(သုဝဏ္ဏ)

၁၅-၈-၂၀၁၀

ဉသာယူနိုက်တက်-ရတနာပုံ(သုဝဏ္ဏ)

၁၆-၈-၂၀၁၀

ဇွဲကပင်ယူနိုက်တက်-Southern Myanmar (သုဝဏ္ဏ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	"အနေတတ်အသေမြတ်" တရားတော် (ဒုတိယပိုင်း) (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၅)**
၈:၃၅	Hip Hop Acoustics Live Show (Part-1)
၉:၂၀	Activities In the City - မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ - Right ONCO CARE CENTRE ၏ အဆုတ်ကင်ဆာအကြောင်းပညာပေးဟောပြောပွဲ
၉:၄၅	Science For All (မျက်မှောက်ရုပ်ရှင်ခေတ်မှသည်အနာဂတ် ရုပ်ရှင်ခေတ်ဆီသို့) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဇင်အောင်)
၁၀:၂၅	ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
၁၀:၄၀	HIV /AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၁) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
၁၁:၁၀	The Champion of Dance
၁၁:၄၅	ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၂:၀၅	လူနေမှုဘဝအလှထက မြန်မာ့သနပ်ခါး. . .
၁၂:၂၅	ရန်ကုန်မြင်ကွင်းကျယ် (Shoe Gallery ဆိုင်သစ်ဖွင့်ပွဲ)
၁၂:၃၅	စပါးမှဆန်အသွင် မြောင်းမြခရိုင်၏ဂုဏ်အင်
၁၂:၄၅	Activities In the City - Right ONCO CARE CENTRE ၏ အဆုတ်ကင်ဆာအကြောင်းပညာပေးဟောပြောပွဲ
၁:၀၀	"အနေတတ်အသေမြတ်" တရားတော် (ဒုတိယပိုင်း) (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၃:၁၅	Activities In the City - မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
၃:၂၅	ရသာထူးကဲ နို့မလိုင်ခဲ
၃:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၅)**
၄:၁၅	HIV /AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၁)
၄:၄၀	ရန်ကုန်မြင်ကွင်းကျယ် (Shoe Gallery ဆိုင်သစ်ဖွင့်ပွဲ)
၄:၅၀	ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၅:၁၀	သာကေတမြို့နယ် ဓမ္မဒူတအဖွဲ့၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ
၅:၃၅	အနုပညာမိုးကောင်းကင်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Hip Hop Acoustics Live Show (Part-2)
၇:၀၅	ဈေးဝယ်လမ်းညွှန် (SHISEIDO)
၇:၃၅	ရန်ကုန်မြင်ကွင်းကျယ် (Kaspersky 2011)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-စိုင်းစိုင်းခမ်းလှိုင်)
၉:၀၅	အနုပညာမိုးကောင်းကင်
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၅)**
၁၀:၀၀	The Champion of Dance
၁၀:၃၀	လျှပ်စစ်လိုင်းများဖြတ်သန်းစီးဆင်းစေရာ(အပိုင်း-၂)
၁၀:၄၅	Sports World
၁၁:၀၅	ဈေးဝယ်လမ်းညွှန် (SHISEIDO)
၁၁:၃၅	ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
၁၁:၅၀	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၁၂:၀၀	ရေမြင့်. . . ကြာတင့် (ခန့်စည်သူ၊ ဧရာ၊ ဌက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၁၅	ဘိုင်းဒါးတံတား
၁၂:၂၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက(၁) နေပြည်တော်ပျဉ်းမနား၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းစိန်နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်တင့်က မော်တော် ယာဉ်မောင်းလိုင်စင်ကို အသက် (၁၈)နှစ် ပြည့်ပြီးသူများကိုသာ သက်ဆိုင်ရာမှ ထုတ်ပေးကြောင်း၊ လိုင်စင်မရှိသူများသည် မည်သည့်ယာဉ်ကိုမျှ မောင်းနှင်ခွင့်မရှိကြောင်း၊ ကျောင်းသားအရွယ်မှစတင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ကြမှသာလျှင် နောင်အနာဂတ်တွင်ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ကြောင်း၊ နေပြည်တော်၌ ယနေ့အထိ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် ယာဉ်မတော်တဆမှု ၂၀၀ ဖြစ်ပွားခဲ့ပြီး ကျား ၈၉ဦး၊ မ ၁၇ ဦး စုစုပေါင်း ၁၀၆ ဦးသေဆုံးခဲ့ကာ ကျား ၁၉၅ ဦး၊ မ ၁၂၉ ဦး စုစုပေါင်း ၃၂၄ ဦး ဒဏ်ရာရခဲ့မှုဖြစ်စဉ်သာဓကများကို ပြ၍ ပညာပေးဇာတ်လမ်းခွေများကိုပါ ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်တင့် ဟောပြောစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ POSCO မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ POSCO မှ Chairman and Chief Executive Officer Mr.Joon Yaung Chung ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာ အထောက်အပံ့ပေးရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုများကို တွေ့ရစဉ်။

❑ ရွှေဖုံးမှ

ရေစိမ့်တားနံရံ အလျား ၁၆၉၅ ပေ၊ အနက် ၄၈ ပေ၊ တမံအမျိုးအစား မြေသားတမံ(ဇုန်အမျိုးအစား) အလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေ၊ ရေလွှဲဥမင် မြင်းခွာပုံသဏ္ဌာန် အချင်း ၁၈ ပေ၊ အလျား ၁၅၃၅ ပေ၊ ရေအားလျှပ်စစ် ဥမင် စက်ဝိုင်းပုံသဏ္ဌာန် အချင်း ၁၉ ဒသမ ၇၀ ပေ၊ အလျား ၁၉၈ ပေ၊ ဒီဇိုင်းရေဒုစီးနှုန်း ၂၉၇၅ ကုဗပေ/စက္ကန့်၊ ဖိအားမြင့်သံမဏိပိုက်လုံး အချင်း ၁၉ ပေ၊ အလျား ၁၈၃ ပေ၊ ရေပိုလွှဲ အမျိုးအစား သံကူကွန်ကရစ် (Ogee Type) အကျယ် ၂၉၅ ဒသမ ၃ ပေ၊ ရေလွှဲဆည်အမျိုးအစား သံကူကွန်ကရစ် (Broad Crest) အကျယ်ပေ ၁၆၀၊ ဒီဇိုင်းရေဒုစီးနှုန်း ကုဗပေ/စက္ကန့် ၁၂၀၀၀၊ မြို့ကြီးမြောင်းမဟော် အလျား ၁၁ ဒသမ ၄ မိုင်၊ ရေအားလျှပ်စစ် တပ်ဆင်အား မဂ္ဂါဝပ် ၃၀၊ ၁၅ မဂ္ဂါဝပ် × ၂ လုံး၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ၁၃၅ ဒသမ ၇၀ ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်သည်။

ယခုအခါ အကြိုတည်ဆောက်မှု လုပ်ငန်းနှင့် ရေစိမ့်အား ကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ၇-၇-၂၀၁၀ ရက်အထိ စီမံကိန်းလုပ်ငန်းများအားလုံး၏ ၅၉ ဒသမ ဝ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ စီမံကိန်းလုပ်ငန်းများအားလုံး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခြောက်သွေ့ဒေသများ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်တမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တည်ဆောက်ပြီး တမံများမှ ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ မူလစိုက်ပျိုးဧရိယာများကို အပြည့်အဝ စိုက်ပျိုးသွားနိုင်ရေးနှင့် ဆည်ရေများ ပိုမိုသိုလှောင်နိုင်ရေးတို့ကို အစီအမံများ ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်အတွင်း တည်ဆောက်ပြီးဖြစ်သော ဇော်ဂျီရေလှောင်တမံမှ လွှတ်ချပေးသောရေနှင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိရောက်စွာ အသုံးချလျက် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ဧက ၃၀၀၀၀ ခန့်ကို စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေးနှင့် ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင် တစ်ခုလုံးကို ပိုမိုစိမ်းလန်းစိုပြည်လာရေးတို့အတွက် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်အကောင်အထည်ဖော်ပြီးသော ဇော်ဂျီရေလှောင်တမံတို့မှ ထုတ်လွှတ်ရေနှင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီးရေလှောင်တမံကို တည်ဆောက်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ၇၀၀၀၀၀ ခန့်နှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေပမာဏ ၄၄၅၆၀၅ ဧကပေခန့်တို့ကို ချထားပေးလွှတ်ရန်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရန် ရည်ရွယ်သည်။

မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းသည် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ဇော်ဂျီရေလှောင်တမံ ဘက်စုံစီမံကိန်း၊ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၊ မြစ်ရေတင်စီမံကိန်း၊ ချောင်းကောက်တမံမှ မိတ္ထီလာကန်သို့ ရေကူပေးရေးစီမံကိန်းနှင့် ရှမ်းမငယ် (မုန်တိုင်းရေကူ) ရေလှောင်တမံစီမံကိန်းတို့နှင့် ဆက်နွယ်လျက်ရှိသည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အတွက် စိုက်ပျိုးရေရရှိရန် ရေရရှိရေး နည်းလမ်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ တည်ဆောက်လျက်ရှိသော ကျိုင်းခမ်းရေလှောင်တမံမှ ရေကို လက်ရှိ ဇော်ဂျီရေလှောင်တမံ အတွင်းသို့ အလျား ၁၄ မိုင်ရှိသော ဆက်သွယ်မြောင်း ဖောက်လုပ်၍ ရေသွယ်ပေးခြင်း၊ ဇော်ဂျီရေလှောင်တမံမှ ရေကို မြို့ကြီးရေလှောင်တမံသို့ ဇော်ဂျီမြစ်ကြောင်းအတိုင်း ရေလွှတ်ပေးခြင်း၊ မြို့ကြီးရေလှောင်တမံအတွင်းရှိ သိုလှောင်ရေကို ထိန်းချုပ်အသုံးပြုလျက် သီးနှံဧရိယာတိုးချဲ့ရန် လျာထားသော ဇော်ဂျီရေသောက်စနစ်သို့ ရေလုံလောက်စွာ ပေးဝေနိုင်ရန်နှင့် မိတ္ထီလာလွင်ပြင်အတွက် စိုက်ပျိုးရန်ရေကို တစ်နှစ်လျှင် ဧကပေ ၄၁၀၀၀၀ ခန့် ပို့လွှတ်ပေးဝေရန်တို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အတွက် မြို့ကြီးရေလှောင်တမံမှ မိတ္ထီလာလွင်ပြင်သို့ သွယ်ဝိုက်သော နည်းဖြင့် ရေပို့လွှတ်ရန် အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ကင်းရွာအနီး မြို့ကြီးရေလွှဲဆည် တည်ဆောက်ခြင်း၊ ကင်းရွာအနီး မြို့ကြီးရေလွှဲဆည်မှရေကို ကင်းတား လက်ယာမြောင်းမကြီး၏ မြောင်းခွဲများဖြစ်သော ငလိုင်းဇင်၊ ပြောင်းပြာမြောင်းဆုံရာနှင့် ပန်းလောင် တိုက်ရိုက်သောက်ဧရိယာများသို့ ၁ ဒသမ ၄ မိုင်ရှည်လျားသော ဆက်သွယ်မြောင်းဖြင့် ပေးပို့ခြင်း၊ ထိုရေပမာဏနှင့် တူညီသောရေကို ကင်းတားရေလွှဲဆည်မှ ရေစုပ်စက်ဖြင့်တင်ကာ (မြစ်ရေတင် စီမံကိန်း) မိတ္ထီလာလွင်ပြင် စတင်ရာ (စမုံမြစ်တစ်ဖက်ကမ်းသို့) ရေပို့လွှတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ပြီးစီးပါက မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၀၀၀၀ ခန့်နှင့် ဇော်ဂျီရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးဧရိယာများ၌ ဆည်ရေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်တင်းပေးနိုင်မည်သာမက ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်တစ်ခုလုံးကို ပိုမို စိမ်းလန်းစိုပြည်လာစေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံ တည်ဆောက်နေမှုကို တွေ့ရစဉ်။

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

ရန်ကုန် ဩဂုတ် ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော်(သပြေကုန်း)တို့တွင် သုည ဒသမ ၁၆ လက်မစီ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၄၅ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မြိတ်မြို့တွင် ၁ဒသမ၁၈ လက်မ၊ ပူတာအိုမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ဝ၂ လက်မနှင့် ကျောက်ဆည်မြို့တွင် သုည ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေး တိုင်းတို့တွင် နေရာ ကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံ စာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း (ပထမပိုင်း)အတွက် သင်တန်းသားများခေါ်ယူ

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၁ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်သည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

သင်တန်းတက်လိုသူသည် အထက်ပါလိပ်စာတွင် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၂၀၀၀၀ ပေးသွင်း၍ ပြဋ္ဌာန်းထားသည့်လျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့်အထောက်အထားများကို ပူးတွဲလျက် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၇ ရက်နေ့အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်လွှာတင်သွင်းရမည်။ သတ်မှတ်ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာရှင်များကို သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်မတိုင်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

CONCORDIA Int'L Co.,Ltd. မှ Topcon ပစ္စည်းများ ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

Concordia Int'L Co.,Ltd. က နောက်ဆုံးပေါ်နည်းပညာ အရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Differential GPS (RTK) နည်းပညာနှင့် အခြားမြေတိုင်းပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ Sedona Hotel အမရပူရခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် Concordia Int'L Co.,Ltd. က တင်သွင်းဖြန့်ဖြူးသော ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK) စနစ်သုံး DGPSများ၊ Geodetic Total Station များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPSများ၊ Digital Theodoliteများ၊ Autolevel များ အပြင် Civilcad Software များ အကြောင်းကို မိတ်ဆက်ရှင်းလင်းမည် ဖြစ်သည်။

Topcon DGPS(RTK) တိုင်းတာရေးစနစ်ဖြင့် လမ်းအူကြောင်း ရှာဖွေခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကွန်တိုမြေပုံရေးဆွဲခြင်းလုပ်ငန်းများတွင် အချိန်၊ လူအင်အား သက်သာစွာ အသုံးပြုနိုင်ခြင်း၊ L_1, L_2 dual Frequency ဖြစ်သောကြောင့် တိုင်းတာမှုအဖြေမှာလည်း မီလီမီတာအဆင့်အထိ တိကျမှုရှိခြင်းတို့ကြောင့် တစ်ကမ္ဘာလုံးတွင် တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။

Topconအမှတ်တံဆိပ် GPT 7500 Seriesသည် Reflector မပါဘဲ လူသွားလူလာရန် ခက်ခဲသောနေရာများနှင့် မည်သည့်အရာဝတ္ထုကိုမဆို တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊ USB Key ဖြင့် တိုင်းတာပြီး Data များကို Download/Upload ပြုလုပ်နိုင်သည်။ GTS 235 N မှာလည်း တိုင်းတာသည့် အမှတ် ၂၄၀၀၀ တိုင်းတာနိုင်သည့်အပြင် Single Prism ဖြင့် နှစ်မိုင်ပတ်လည်ရှိ အရာဝတ္ထုများ၏ကိုဩဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊ New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်း တိုင်းတာမှုတွင် အလွန်အသုံးဝင်သော ပစ္စည်းဖြစ်သည်။ TKS 202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီစားနှုန်း သက်သာခြင်း၊ Single Prism ဖြင့် မီတာ ၂၀၀ တိုင်းတာနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် လူကြိုက်များသောTopcon နည်းပညာလုပ်Total Station ဖြစ်သည်။

Topcon အမှတ်တံဆိပ် Civilcad Sofrwareသည် ကိုဩဒိနိတ်အမှတ်များကို အခြေခံ၍ ကွန်တိုရေးဆွဲခြင်း၊ Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်းနှင့် ဒီဇိုင်းလုပ်ငန်းများအား အချိန်တိုရေးဆွဲခြင်း ပြုလုပ်ပေးနိုင်သည်။



အထက်ဖော်ပြပါ မြေတိုင်းပစ္စည်းများသည် မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီသည့် ရေစိုခံခြင်း၊ ဖုန်နှင့် သဲဒဏ်ခံနိုင်ခြင်းကြောင့် အလွန်ခံနိုင်ရည်မြင့်မား သော ပစ္စည်းများဖြစ်သည်။စက်အားလုံး အတွက် တစ်နှစ်အာမခံပေးထားသည့် အပြင်Service Centre များကို ရန်ကုန် တွင် ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈ ၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ Fax- ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက် အအုံ လမ်း ၃၀(၇၇)လမ်းနှင့် (၇၈)လမ်း ကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂- ၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀၆၇၁၇၂ နှင့် နေပြည်တော်တွင် သီရိရတနာအဆင့်မြင့် ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော မြို့သစ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးရဲနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းမင်းစိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အားပေး

ရန်ကုန်　　ဩဂုတ်　　၁၁

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ပြိုင်ပွဲဝင်စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲစစ်တုရင်ခုံ၌ အဖြူပထမရွှေ့ကွက်ကို စတင်ရွှေ့ပေးကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က တိုင်းအဆင့် ကျောင်းကျန်းမာရေး အဆင့်မြင့်စံပြထူးချွန်ဆုရ ကျောင်းများ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စံပြဆုရကျောင်းများနှင့် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကျောင်းကျန်းမာရေး လှုပ်ရှားမှုပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တိုင်းအဆင့်ကျောင်းကျန်းမာရေး အဆင့်မြင့်စံပြထူးချွန်ဆုရ ကျောင်းများကို ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၁၂-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	-တရားတော် တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရ၏ (မင်္ဂလသုတ်နဲ့ ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ
၈း၀၀	နံနက်ခင်းတေးပဒေသာ
၈း၁၀	စံတော်ချိန်+သတင်း
၈း၃၀	နံနက်ခင်းတေးပဒေသာ
၈း၃၅	လောကနီတိအသိရှိစေဖို့ (နှလုံးလှအဆုံးအမတော်များ) တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကွေး သူ့အလှည့်တေး (Nကိုင်ရာ)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (သီဟိုဠ်သီးမှ အီသနောထုတ်ယူခြင်း)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ(ကြေးစည်)
၁၂း၃၀	Music Talk တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	အမှတ်တရတေးလက်ဆောင်
၅း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (စေတနာကုသိုလ်အကျိုး) တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရေဒီယိုဇာတ်လမ်းတွဲ (နှလုံးသားရဲ့အက္ခရာ) (အပိုင်း-၁)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၂၅	ကျေးလက်ဇာတ်လမ်း (လှုပ်လှုပ်ရှားရှား)
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀	သုတစုံကြွယ်သိစေဖွယ် (ဗဟုသုတမှတ်စု)
၇း၄၀	ရေဒီယိုအတိုတ်တေးအရိပ်
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် Lခွန်းရီနှင့် ဦးသောင်းထိုက်)
၈း၅၀	တေးသံစုံ (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့) စီးပွားရေးဦးတည်ချက်
၉း၀၀	ဆောင်းပါး (အနိုင်းမဲ့ကုသိုလ်-ပထမပိုင်း)
၉း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး။

ရန်ကုန်မြို့ရှိ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းတို့၌ ဆိပ်ကမ်းလုပ်ငန်းများ ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဩဂုတ်　　၁၁

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ဆိပ်ခံတံတားသို့ ရောက်ရှိလာပြီး ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၌ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သိုလှောင်ရုံအတွင်း၌ ပစ္စည်းများ စနစ်တကျထားသိုမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်တံတား၌ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်၊ ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သွင်းကုန် ထုတ်ကုန်ပစ္စည်းများစနစ်တကျ စစ်ဆေးရေး၊ မြန်ဆန်မှုနှင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရေး၊ မသမာမှုများ ကင်းဝေးစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်၊ ချနေမှုကိုလည်းကောင်း၊ စဉ့်အိုးတန်း၊ ဘုန်းကြီးလမ်း၊ လမ်းသစ်ဆိပ်ခံတံတားများ၌ ဆိုက်ကပ်လျက်ရှိသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ခရီးသည်တင် ရေယာဉ်များပေါ်သို့ ကုန်များ တင်ဆောင်ထားရှိမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ဂရုစိုက်ဆောင်ရွက်သွားကြရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး၊ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိရေးနှင့် လုံခြုံရေး ဂရုပြုရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ဆိပ်ခံတံတားတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမြင့်သိန်း သင်တန်းများဖွင့်ပွဲ၌ အမှာစကားပြောကြား

ရန်ကုန်　　ဩဂုတ်　　၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းသည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် လမ်းအရည်အသွေးစမ်းသပ်တိုင်းတာကွပ်ကဲခြင်း (အင်ဂျင်နီယာ) သင်တန်းနှင့် လက်ထောက်အင်ဂျင်နီယာ (ရေ/သန့်) အခြေခံသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော်　　ဩဂုတ်　　၁၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် ည ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု သာသနာ့ဝေပုလ္လ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းဆွေ၊ တောင်ညို-မိုးစွေ မော်တော်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးတင်မောင်ဌွေနှင့် ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ထွန်းထွန်းက ၂၀၁၀ ခုနှစ်အတွင်း မော်တော်ယာဉ်မတော်တဆမှု ၁၉၂ မှု ဖြစ်ပွားခဲ့၍ ကျား ၁၉၃ ဦး၊ မ ၁၂၆ ဦး ပေါင်း ၃၁၉ ဦး ဒဏ်ရာရခဲ့ကြောင်း၊ ကျား ၈၁ ဦး၊ မ ၁၆ ဦး ပေါင်း ၉၇ ဦး သေဆုံးခဲ့ကြောင်း၊ ယာဉ်မောင်းသူ၊ ဆိုင်ကယ်စီးနင်းသူနှင့် လမ်းအသုံးပြုသူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာမှုမရှိသဖြင့် မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပွားရကြောင်း စသည်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျွေးမွေးလှူဒါန်း

ဩဂုတ် ၉ ရက်က လှိုင်သာယာမြို့နယ် အမက(၂၇) ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျောင်းအကျိုးတော်ဆောင် ဦးဇော်မင်းထွန်း-ဒေါ်ဇာခြည်ဦး၊ သား မောင်မင်းဟိန်းခန့် မိသားစုက ကျောင်းသား၊ ကျောင်းသူများအား ကြာဆံကြော်ဖြင့် ကျွေးမွေးလှူဒါန်းစဉ်။

(ပညာရေး)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၁-၈-၂၀၁၀ ရက်တွင် AYERWADY BANK ၏ နေပြည်တော်ဘဏ်အား အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါသည်။

AYER SHWE WAH GROUP OF COMPANIES

မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ

Media Group

PREMIER LEAGUE
LALIGA
SERIE A
BUNDESLIGA

4 IN 1 Fixtures
Mini Book
ဝယ်ယူရရှိနိုင်ပြီ

1 Line UP
ISSUE 67

Up to 45% off
7 Layers Rainy Sale
Date : 14 & 15.8.2010
Venue : Junction Naypyitaw
(နေပြည်တော်)
Kanebo
POLICE
Kracie
Don't Miss the Chances

ဆိပ်ကမ်းသာ
Computer Expo 2010
(Date) 14.8.2010 - 15.8.2010 (Time) 9:30am - 6:00pm (Location) Strand Hotel
ကွန်ပျူတာဈေးရောင်းပွဲတော်သို့ လာရောက်ကြည့်ရှုလေ့လာရုံဖြင့် အထူးလက်ဆောင်များရရှိနိုင်မည့် အခွင့်အရေး

မာတင်အိုနေးလ် ဗီလာနည်းပြ ရာထူးမှ နုတ်ထွက်

လန်ဒန် ဩဂုတ် ၁၁

အင်္ဂလန် ပရီမီယာလိဂ်ကလပ် အက်စတွန်ဗီလာအသင်းမှ နည်းပြ မာတင်အိုနေးလ်သည် ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း သိရသည်။ မာတင်အိုနေးလ် နုတ်ထွက်ရသည့် အဓိကအကြောင်းအရင်းမှာ အသင်းရှိ ကစားသမားများကို ရောင်းချခြင်း၊ ဆက်လက်ရောင်းရန် ပြင်ဆင်နေခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ငွေကြေးကျပ်တည်းမှုကြောင့် ကစားသမားသစ်များ ဝယ်ယူဖြည့်တင်းနိုင်မှုမရှိသည့်အပြင် အသင်းရှိ အဓိက ကွင်းလယ်ကစားသမားဖြစ်သည့် ဂျိမ်းစ်မေလ်နာကို မန်စီးတီးသို့ ရောင်းချခြင်း၊ ရှိုးရေးမှာ ဝက်စ်ဘရွန်းသို့ ရောက်သွားခြင်းနှင့် အသင်း၏ အားထားရသည့် ဂိုးသမား ဖရီဒယ်ကိုလည်း လက်လွှတ်ရဖွယ်ရှိနေသည်။

လက်ရှိအချိန်တွင် အရန်အသင်းနည်းပြ ကီဗင်မက်ဒိုနယ်ဒ်ကို ဗီလာအသင်း၏ ယာယီနည်းပြအဖြစ်ခန့်အပ်ထားကြောင်းသိရသည်။ မာတင်အိုနေးလ် ထွက်ခွာပြီးနောက် ဗီလာအသင်း၏ နည်းပြရာထူးအတွက် ခရိုအေးရှားနည်းပြ ဘီလစ်၊ အမေရိကန်နည်းပြ ဘရက်ဒလေတို့ ရေပန်းစားနေသကဲ့သို့ ဟော့ဖန်ဟိန်းနည်းပြ ရာလ်ရန်ဂ်ရစ်လည်း နည်းပြရာထူးနေရာအတွက် ရေပန်းစားလျက်ရှိနေသည်။ ***အင်တာနက်။***

ဗီလာအသင်းနည်းပြရာထူးမှ နုတ်ထွက်သွားပြီဖြစ်သည့် မာတင်အိုနေးလ်။

ရီးယဲလ်မက်ဒရစ် အသင်းနှင့် သဘောတူညီမှုရရှိသွားသည့် ချယ်လ်ဆီးနောက်ခံလူ ကာဗယ်ဟို။

ကာဗယ်ဟိုကိုခေါ်ယူရန် ရီးယဲလ်သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၁၁

စပိန်လာလီဂါထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ပေါ်တူဂီဗဟိုခံစစ်သမား ကာဗယ်ဟိုကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟု သိရသည်။

မော်ရင်ဟိုကိုင်တွယ်နေသည့် ရီးယဲယ်မက်ဒရစ်အသင်းသည် အသက်(၃၂)နှစ်ရှိ ကာဗယ်ဟိုကို ခေါ်ယူရန် ပေါင် ၆ ဒသမ ၆၅သန်းဖြင့် သဘောတူညီမှုရရှိခဲ့သည်ဟု The Sun သတင်းဌာနက ဖော်ပြထားသည်။ ကာဗယ်ဟိုသည် ဆရာဟောင်းရှိသည့် ရီးယဲယ်မက်ဒရစ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုဖွယ်ရှိနေသည်။

အင်တာနက်။

ဘောလုံးလောက သတင်းတိုများ

* ***မန်စီးတီးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှအဓိကပစ်မှတ်ထားနေသည့်အေစီမီလန်နောက်ခံကစားသမား သီယာဂိုဆေးလ်ဗားကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။***
* *လီဗာပူးအသင်းသည် ဂျူဗင်တပ်စ်အသင်းမှ ကွင်းလယ်လူ ခရစ်ရှန်ပေါလ်ဆင်ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။*
* ***မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီက မိမိအနေဖြင့် ယခုနှစ် ဘောလုံးရာသီ၌ ကစားသမား ၂၅ ဦးစာရင်းတွင် ပါဝင်ခြင်းမရှိပါက ကစားသမားဘဝမှ အနားယူတော့မည်ဟု ပြောကြားလိုက်ကြောင်း သိရသည်။***

ဝင်းတင်(ကြေးမုံ)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Sun Myanmar Int'l Impex Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၁၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာအောင်သင်းက "ခေါင်းဆောင်ကောင်းနှင့်နောက်လိုက်ကောင်း" "Good Leader & Good Follower" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

မြို့မဈေးလုံခြုံမှုစစ်ဆေးရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

သိန်းနီ ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအား ဇူလိုင် ၅ ရက်က ဈေးများမီးလောင်မှုမဖြစ်စေရေး အမှုဆောင်အရာရှိ ဦးခင်စောခေါင်းဆောင်သော ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးကြောင်း သိရှိရသည်။

(ပြည်နယ်ပြန်/ဆက်)

ဩဂုတ် ၄ ရက်က လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကို အောင်ပန်းမြို့ သမဝါယမခန်းမ၌ ကျင်းပရာ တောင်ကြီး လူကုန်ကူးအထူးအဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးကိုဝင်းက လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ ရွှေ့ပြောင်းလုပ်သားများ ဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောစဉ်။ (ခရိုင်ပြန်/ဆက်)

ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)(၁၆) ကြိမ်မြောက် စုပေါင်းအလှူအတွက် အင်းစိန် လှိုင်မြစ်လမ်း အင်းစိန်ဈေးကြီးရှေ့နေ ဦးအောင်ဝင်း-ဒေါ်ခင်ပြုံးဝင်း မိသားစု ကုန်စုံဆိုင်က အလှူငွေကျပ် ၂၅၀၀၀၀ ကို ဇူလိုင် ၂၈ ရက်က ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်သို့ လာရောက်လှူဒါန်းရာ အဖွဲ့နာယက ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း)၊ ကျောင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးသိ (တရားရုံးချုပ်ရှေ့နေ)တို့ လက်ခံရယူစဉ်။ (၆၁)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လိုက်လံစစ်ဆေး

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးညွှန်ကြားရေးမှူးနှင့် အဖွဲ့၊ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအား မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တစ်မိုးနှစ်သီး စပါးစံကွက်ရိတ်သိမ်း

မော်လမြိုင်ကျွန်း ဩဂုတ် ၁၁

မော်လမြိုင်ကျွန်းမြို့နယ် တစ်မိုးနှစ်သီး(ပထမ) စပါးစံကွက်ရိတ်သိမ်းပွဲကို ဩဂုတ် ၈ ရက်က ညောင်တုန်းစု ကျေးရွာအုပ်စု ညောင်တုန်းစုကျေးရွာ တောင်သူဦးမြင့်အေး၏ လယ်မြေ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ တစ်မိုးနှစ်သီးပထမစပါး စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက သီးထပ်ရင်စပါးမျိုးအား စံကွက်ရိတ်သိမ်းအထွက်နှုန်းရယူကြရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၇၂ ဒသမ ၀၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ကျောက်တန်းမြို့နယ်တရားရုံးတော်၌
၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

၁။ ဦးမြင့်ထူး နှင့် ၁။ ဒေါ်တင်ရီ ၂။ ဒေါ်ဝင်းကြည်
၂။ ဦးရွှေ ၃။ ဒေါ်ခင်မြင့်ရီ ၄။ ဒေါ်သန်းရီ
၅။ ဒေါ်စန်းအေး ၆။ ဦးဝင်း
၇။ ဒေါ်စီလေး ၈။ ဒေါ်လီ
၉။ ဒေါ်မော်မော်(ခ)ဒေါ်ခင်စောဇင်
၁၀။ ဦးမောင်မောင် ၁၁။ ဦးညို
၁၂။ ဦးသက် ၁၃။ ဦးဖိုးညီ

တရားလိုများ **တရားပြိုင်များ**

အထက်ပါအမှုမှ ၇ တရားပြိုင် ဒေါ်စီလေး၊ ၈ တရားပြိုင် ဒေါ်လီ၊ အမှတ် ၁၅၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(အတူနေ) (ယခုနေရပ်လိပ်စာ မသိ)၊ ၉ တရားပြိုင် ဒေါ်မော်မော်(ခ)ဒေါ်ခင်စောဇင်၊ ၁၀ တရားပြိုင် ဦးမောင်မောင်၊ အမှတ် ၂၊ အောင်သီရိ(၂)လမ်း၊ (၂၈)ရပ်ကွက်၊ မြောက်ဒဂုံ(မြို့သစ်)မြို့နယ်၊ ရန်ကုန်မြို့၊ (အတူနေ)(ယခုနေရပ်လိပ်စာမသိ)၊ ၁၁ တရားပြိုင် ဦးညို(ယခုနေရပ်လိပ်စာမသိ)၊ ၁၂ တရားပြိုင် ဦးသက် (ယခုနေရပ်လိပ်စာမသိ)နှင့် ၁၃ တရားပြိုင် ဦးဖိုးညီ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမြင့်ထူး ပါ ၂ ဦးတို့က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်(၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာ ရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ် ဩဂုတ်လ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးဇော်မြင့်
မြို့နယ်တရားသူကြီး
ကျောက်တန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရတနာလမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သည့် မြေကွက်အမှတ် (၃၅ H/၄၀၆)၊ ဧရိယာ (၂၀×၄၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိအမည်ပေါက်ပိုင်ရှင် ဒေါ်စန်းရီ[၁၂/ဗဟန(နိုင်)၀၆၅၈၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာအောင် [၁၂/လမတ(နိုင်)၀၁၁၇၉၉]က အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။

သို့ဖြစ်ရာ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင်(ဥပဒေဘွဲ့)
(တရားရုံးချုပ်ရှေ့နေ)(စဉ်-၆၈၉၃)
အမှတ်(၅)၊ ငွေလရောင်လမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၅၉၃၉၄

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၅၉ နှင့် ဆက်သွယ်သည့်
၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၅၂

ဒေါ်မြမြအေး နှင့် ၁။ ဒေါ်ခင်ခင်မိုး
၂။ ဒေါ်ဖြူဖြူဝင်း
၃။ မောင်ဖြိုးဒေဝါကျော်
၄။ မဖြိုးစန္ဒာကျော်

(တရားနိုင်) **(တရားရှုံးများ)**

၁။ ဒေါ်ခင်ခင်မိုး၊ အမှတ်-၁၀၈၊ အမ်ဝိုင်စီကွန်ပေါင်း၊ အင်းစိန်လမ်းမကြီး ကြို့ကုန်းရပ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း(ယခုနေရပ်လိပ်စာမသိ)
၂။ ဒေါ်ဖြူဖြူဝင်း၊ ၃။ မောင်ဖြိုးဒေဝါကျော်၊ ၄။ မဖြိုးစန္ဒာကျော် အမှတ်-၂၈၀၊ ၄-လွှာ(ညာ)ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၅၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်မြမြအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၀ ခုနှစ် ဩဂုတ်လ ၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

တင်ထွန်း
ဒုတိယခရိုင်တရားသူကြီး-၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၀

ဦးခင်စိန်အောင် နှင့် ဒေါ်ခင်စိန်ကြည်ပါ- ၇ ဦး

တရားလို **တရားပြိုင်**

တိုက်-၁၅၊ အခန်း-၅၊ ရွှေဟသ်ာမြို့သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းနေ မောင်နေမျိုးအေး၊ မောင်ဝဏ္ဏအေး၊ မင်းလမ်း၊ ဝမ်ကန်၊ မိုင်းရှူးမြို့၊ ရှမ်းပြည်နယ်နေ ဦးခင်စိန်ကို(ခ)ဦးဇော်ထွန်းကို (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၀ခုနှစ် ဩဂုတ်လ ၃၀ ရက်(၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်)နေ့မွန်းမတည့်မီ ၁၀း၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

သင်းသင်းအောင်(တ/၁၈၈၅)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

သန်လျင်စည်ပင်ဈေးအတွင်း ရေမြောင်းဆယ်၊ ခြင်ဆေးမှုတ်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၁

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး သန့်ရှင်းမှုရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်သောအားဖြင့် ခြင်ဆေးဖျန်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဈေးအတွင်းရှိ ရေမြောင်းများဆယ်ယူခြင်းတို့ကို ဩဂုတ် ၁၀ ရက်က အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ခေါင်းဆောင်သောအဖွဲ့ ဝန်ထမ်းများ၊ ဈေးမိဈေးဖ ဥက္ကဋ္ဌ ဦးငွေအောင် ဦးဆောင်သော ဈေးသူ၊ ဈေးသားများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

(အောက်ပုံ)(မြို့နယ်စည်ပင်)

သာစည်စည်ပင် ကျေးလက်ကျောက်ချောလမ်းခင်း

သာစည် ဩဂုတ် ၁၁

သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပေါက်ကျော်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမောင်တိုးနှင့်အတူ ဇူလိုင် ၁၈ ရက်နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဘုရားရုံကျေးရွာနှင့် သာစည်-သပြေဝလမ်းမကြီးသို့ ဆက်သွယ်သည့်ကျေးလက်ကျောက်ချောလမ်းခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမောင်တိုးက မြို့နှင့် ဆက်သွယ်သည့် ဘုရားရုံကျေးရွာမှ သာစည်-သပြေဝလမ်းမကြီးသို့ ဆက်သွယ်သည့် ကျောက်ချောလမ်းခင်းကျင်းနေမှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဘုရားရုံကျေးရွာ ကျောက်ချောလမ်းမှာ လမ်းအရှည်ပေ ၂၀၀၀ ကျော်ရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော လမ်းဖြစ်ပြီး လမ်းမကြီး ပြီးပါက ကျေးရွာပြည်သူများ ရာသီမရွေး မြို့သို့ ဆက်သွယ်သွားလာနိုင်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်းဝယ်ရေးတို့တွင် သွားလာမှုအခက်အခဲ မရှိနိုင်တော့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော တပ်မတော်လမ်း (မြို့ပြလမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်း အရှည်ပေ ၁၈၄၀၊ အကျယ် ၁၈ ပေအား တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့် တာဝန်ယူဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အမှုဆောင်အရာရှိ ဦးထွန်းထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အင်တာနက် ရှေးဟောင်းသုတေသနသတင်း

ကမ္ဘာ့သက်တမ်းအရင့်ဆုံး မဟာပိရမစ်ကို စက်ရုပ်အသုံးပြု၍ လေ့လာရန်ပြင်ဆင်

ဘာသာပြန် - ရောမောင် အဆင်အပြင် - နိုင်လင်းကြည်

ကိုင်ရို ဩဂုတ် ၁၁

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနီးရှိ ကမ္ဘာ့ သက်တမ်းအရင့်ဆုံး အဆောက်အအုံဖြစ်သော မဟာပိရမစ်ကို ဗြိတိသျှ သိပ္ပံပညာရှင်များက စက်ရုပ်အသုံးပြု၍ လေ့လာရန် ပြင်ဆင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။

မဟာပိရမစ်(Great Pyramid) **(ယာပုံ)**ကို ဘီစီ ၂၅၆၀ ခန့်တွင် တည်ဆောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၅/၂၀၁၀) ဖြင့် သတ်မှတ်ကြေညာသည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပို (၄)မျက်နှာ ပါရှိပါသည်။

တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် လေ့ကျင့်ပြင်ဆင်နေသည့် ကမ္ဘောဇအသင်းသားများ။

မြန်မာဘောလုံးပရိသတ်များ ပြန်လည်ရင်ခုန်ကြရတော့မည့် ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၄ ရက်မှစ၍ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် ကမ္ဘောဇအသင်း၏ အိမ်ကွင်းဖြစ်သည့် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတို့တွင် တစ်ပြိုင်တည်းစတင်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်(၁၈)မှစ၍ ဇေယျာရွှေမြေအသင်း၏ အိမ်ကွင်းဖြစ်သည့် မုံရွာကွင်းတွင်ပါ ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❖